# မြန်မာ့ဒီမိုကရေစီအရေး

ခရီးရှည်ချီတက်ဆန္ဒပြပွဲနှင့်
အစာငတ်ခံဆန္ဒပြတိုက်ပွဲ

published by the Communication and Media Operators Committee

စက်တင်ဘာ ၁၁ ရက် ၂၀၀၄

# ၁၁ ရက်မြောက်နေ့

မြန်မာ့ဒီမိုကရေစီအရေးအတွက် လွတ်မြောက်ရေးခရီးရှည် ချီတက်တိုက်ပွဲဝင်နေသူ ရဲဘော်များ သည် ချီတက်ပွဲ ၏ ပန်းတိုင်ဖြစ်သော နယူးယောက်မြို့ အနီးသို့ နောက်ထပ် ၁၀မိုင် ခရီးကို အောင်မြင်စွာ ချီတက် လျှောက်လှမ်းနိုင်ခဲ့ပြန်ပြီဖြစ်သည်။

ယနေ့ ခရီးစဉ်ကို နံနက်ဂနာရီ ၄၅မိနစ်တွင် နယူးယောက်ပြည်နယ် Milton မြို့ ၌ စတင်ခဲ့ပြီး ညနေ ၃နာရီခန့် တွင်နယူးယောက်ပြည်နယ် New Burgh မြို့ ၌ ရပ်နားခဲ့ကြသည်။

ချီတက်သူများသည် နယူးယောက်မြို့ သို့ ရောက်သည်နှင့်တပြိုင်နက် မြန်မာ့အရေးကို ကုလသမဂ္ဂ မှ ထိရောက်စွာကိုင်တွယ်ဖြေရှင်းမှု မပြုမချင်း အစာငတ်ခံဆန္ဒပြတိုက်ပွဲ ဝင်ကြရဦးမည် ဖြစ်သော်လည်း ဆင်းရဲပင်ပန်းမှု ကို ဂရုမထားပဲ မဆုတ်မနစ်သော ဇွဲ၊ လုံ့ လတို့ ဖြင့် တက်ကြွစွာ ချီတက်နေကြဆဲပင်။

ပုံမှန်ချီတက်သူ သုံးဦးအနက်တစ်ဦးဖြစ်သူ ဦးမောင်မောင်တိတ် က ခြေထောက် နာကျင်နေခဲ့ သော်လည်း ယနေ့ ရပ်နားရန် သတ်မှတ်ထားသည့် နေရာသို့ ရောက်သည် အထိ ရောက်အောင် လျှောက်လှမ်းနိုင်ခဲ့ပါသည်။

ချီတက်သူများကိုယ်စား ဦးဟန်လင်းက ဘယ်လိုအခက်အခဲမျိုးနဲ့ ပဲ ရင်ဆိုင်တွေ့ ရ တွေ့ ရ တိုက်ပွဲကို ဆုံးခန်းတိုင်အထိ ဆက်လက်တိုက်ပွဲဝင်သွားမယ်ဟုပြောကြားခဲ့သည်။ ၄င်းက မိမိတို့ ၏ တိုက်ပွဲသည် နှစ်ပေါင်းများစွာ ဖိနှိပ်ခံဘဝနှင့် ရှင်သန်နေခဲ့ရပြီး ပြောရေးဆို ခွင့် လုံးဝ မရှိသော မြန် မာ ပြည်သူလူထု ကိုယ်စား ရင်ဖွင့်ပြောပေး နေခြင်းပင်ဖြစ်ကြောင်း၊ တိုက်ပွဲကာလ ကြာမြင့် လာသည်နှင့်အမျှ အရှိန်အဟုန် မြင့်မားလာပြီး ပိုမိုအရေးကြီးလာနေပြီဖြစ်ကြောင်း၊ မိမိတို့ ဘက်မှ အကောင်းဆုံး ဖြစ်အောင်ဆက်လက်ကြိုးပမ်းသွားဦးမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ထို့ နောက် ချီတက်သူ ရဲဘော်များသည် ညနေ ၅နာရီမှ ၇ နာရီ တွင် နယူးယောက်ပြည်နယ် Cottekill မြို့ ၌ ကျင်းပသော စက်တင်ဘာ ၁၁ရက် နေ့ အတွက် ဆုတောင်းပွဲ သို့ တက် ရောက်ခဲ့ကြ သည်။

အဆိုပါအခမ်းအနားကို Hudson River Sloop Clear Water ခေါ် သဘာဝ ပတ်ဝန်း ကျင် ထိန်းသိမ်း ရေးအဖွဲ့ ၏ ဒါရိုက်တာဖြစ်သူ Ms. Manna Jo Greene က စီစဉ်ခဲ့ခြင်းဖြစ်ပြီး အခမ်းအနားအစီအစဉ်တွင် မြန်မာ ပြည်သူ ပြည်သားများအတွက် ဆုတောင်းမေတ္တာပို့ သခြင်း ကိုပါထည့်သွင်းခဲ့သည်။

မြန်မာ့ဒီမိုကရေစီရေးအင်အားစုယူတီကာ (Democratic Burmese Society of Utica) နှင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ ချုပ်(လွတ်မြောက်နယ်မြေ) (National league for Democracy (liberated Area) ) တို့ ထံ မှ စက်တင်ဘာလ ၉ ရက်နေ့ က ထုတ်ပြန်ခဲ့သော လွတ် မြောက်ရေးခရီးရှည်ချီတက်ပွဲ ကို ထောက်ခံအားပေးကြောင်း ကြေငြာချက်များပါရှိသည့် သဝဏ်လွှာ ကို လက်ခံရရှိ ပါသဖြင့်ကျေးဇူးတင်ရှိပါ ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

(လွတ်မြောက်ရေးခရီးရှည်ချီတက်ပွဲ နှင့် အစာငတ်ခံဆန္ဒပြတိုက်ပွဲ သတင်းထုတ်ပြန်ရေးအဖွဲ့ မှ နောက်ဆုံးသတင်းများကို နေ့စဉ် ဆက်လက်တင်ပြသွားမည် ဖြစ်ပြီး Freedomlongmarch@aol.com
သို့ ဖြစ်စေ http://longmarchandhungerstrike.odfb.org သို့ဖြစ်စေ ဆက်သွယ်ခြင်းဖြင့်ဖတ်ရှု နိုင်ကြောင်းအသိပေးအပ်ပါသည်။ )

ဆက်သွယ်ရန်–

လွတ်မြောက်ရေးခရီးရှည်ချီတက်ပွဲ နှင့် အစာငတ်ခံဆန္ဒပြတိုက်ပွဲ သတင်းထုတ်ပြန်ရေး အဖွဲ့ မှ နောက်ဆုံးသတင်းများကို နေ့စဉ် ဆက်လက်တင်ပြသွားမည် ဖြစ်ပြီး
freedomlongmarch@aol.com
သို့ ဖြစ်စေ http://longmarchandhungerstrike.odfb.org သို့ဖြစ်စေ ဆက်သွယ်ခြင်းဖြင့်ဖတ်ရှု နိုင်ကြောင်းအသိပေးအပ်ပါသည်။

---

For more information please contact:

Communication and Media Operators Committee

Aung Kyaw Myint - 607-339-7054 freelight0@aol.com
Yan Myo Aung - 585-576-8521 yanmyoag@yahoo.com
Min Sun Min - 718-434-5292 kominmin@yahoo.com
Nang San Nun - 917-519-3771 shanpyithu@yahoo.com
Sandi - 917-445-9222 freeassk@yahoo.com
Nyan Win Lett - 646-321-5311 nyanwlett@yahoo.com